# Highlights from DVB Debate's Sharing Land Show

## May 14, 2016

## "How to fairly share land?"

"တနိုင်ငံလုံးအတိုင်းအတာနဲ့ အသိမ်းခံရတဲ့မြေဟာ ဧကပေါင်း  သန်းနဲ့ချီပါတယ်။ ပြီးခဲ့တဲ့ သက်တမ်းမှာ ကော်မရှင်အနေနဲ့ ပြန်ပေးသင့်တယ်ဆိုတဲ့ မှတ်ချက်နဲ့ သိမ်းခံရတဲ့မြေတွေ စာရင်းပြုစုခဲ့ပေမယ့် ဧက ၁၀၀၀ ပေးရမယ်ဆို တကယ်တမ်းပြန်ပေးကြတာက ဧက ၁၀၀ ကျော်လောက်ပဲ။"

ဦးခိုင်မောင်ရီ - ပြည်သူ့လွှတ်တော်အမတ်ဟောင်း၊ လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်ဟောင်း

---

"စီမံကိန်းတွေလုပ်မယ် မြေလွတ်မြေရိုင်းမှာ စိုက်ဖို့ဆိုပြီး သတင်းစာမှာကြေညာတယ်။ စီမံကိန်းတွေမှာ မြေတွေသိမ်းတယ်ဆိုတာက ရှိချင်လည်း ရှိမယ် မရှိချင်လည်း မရှိဘူး"

ဦးရဲမြင့် - မြန်မာနိုင်ငံကော်ဖီအသင်း ဥက္ကဋ္ဌ

---

"၁၉၉၅-၉၆ လောက်မှာ သစ်တောမြေ ဧက ၅ သောင်းကို ကော်ဖီစိုက်ဖို့ ကုမ္ပဏီတွေကို ချပေးလိုက်တယ်၊ ဒီထဲမှာ ၅၀ ရာခိုင်နှုန်းပဲ ကော်ဖီစိုက်တယ်"

ဦးစန်းအောင် - လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန

"ကျနော်တို့ ကော်ဖီက သစ်တောမြေမှာမှ စိုက်လို့ရတာလေ။ သဘာဝပတ်ဝန်းကျင်လဲ ထိန်းသိမ်းပါတယ် ကျနော်တို့က အပင်စိုက်တာလေ ကော်ဖီပင်"

ဦးရဲမြင့် - မြန်မာနိုင်ငံကော်ဖီအသင်း ဥက္ကဋ္ဌ

---

"အခု နောက်ဆုံး ၂၀၁၂ လယ်ယာမြေဥပဒေအတိုင်းပဲ သွားမယ်ဆိုရင် လယ်ယာမြေကို ကွက်စိုက်ထိုးပြီး ရောင်းစားနေတာတွေ ဆက်ဖြစ်နေမှာပဲ ဒါတွေကို ထိန်းသိမ်းဖို့ လိုနေပြီ"

ဦးဇော်ဝင်း - တရားလွှတ်တော်ရှေ့နေ၊ လယ်သမားအရေးကူညီဆောင်ရွက်သူ

---

"စီမံကိန်းတွေလုပ်ဖို့ မြေချပေးတာဟာ နှစ်ကာလအပိုင်းအခြားအလိုက် ချပေးထားတာပါ။ စာချုပ်သက်တမ်းပြည့်သွားရင် တောင်သူတွေကို ပြန်ချပေးလို့ရတယ်ဗျ"

ဦးဇော်တိုး - တောင်သူအရေးဆောင်ရွက်သူ

---

"သိမ်းဆည်းသူနဲ့ သိမ်းဆည်းခံရသူကြားမှာ ညှိနှိုင်းထိန်းကျောင်းလို့ရတဲ့ ဥပဒေတရပ်ပြဋ္ဌာန်းပေးရင် ဒီမြေယာကိစ္စ ပြေလည်မယ်လို့ ဆွေးနွေးချင်တယ်"

ဒေါ်လှလှဝင်း - ဇီးပင်ကြီးရွာ

---